# သက်မွေးပညာသင်ဥပစာကောလိပ်

## သက်မွေးပညာသင်ဥပစာ ကောလိပ်ဟူသည်

အထူးပြုသင်တန်းကျောင်းများအနက် အထူးပြုသင်တန်းများ ပို့ချပေးသော အဆင့်မြင့်ပညာရေး အဖွဲ့အစည်း တစ်ခုဖြစ်ပြီး၊ သက်မွေးပညာသင်ဥပစာကောလိပ်ဟု ခေါ်တွင်သည်။ အလုပ်အကိုင်နှင့် လက်တွေ့နေထိုင်ရေးအတွက် လိုအပ်သော အသိပညာ၊ နည်းပညာနှင့် ကျွမ်းကျင်မှုကို သင်ယူပြီး၊ ပညာရေးတိုးတက်မှုကို ရည်ရွယ်သော ပညာရေး အဖွဲ့အစည်း ဖြစ်သည်။

## ရှာဖွေရန်

### အသက်မွေးပညာသင်ကျောင်းများရှာဖွေရန်

(National Association of Vocational Schools of Japan) http://www.zensenkaku.gr.jp/association/index.html

(Metropolitan Tokyo Professional Institution Association) http://tsk-school.com/from-now.php

### နိုင်ငံခြားကျောင်းသားအား ဝင်ခွင့်ပေးသည့် အသက်မွေး ပညာသင်ကျောင်းများစာရင်း

(Association for Technical and Career Education) http://www.sgec.or.jp/ryuugakuguide/en/index.html

## ထူးခြားပညာရေးလက္ခဏာများ

သက်မွေးပညာသင်ဥပစာကောလိပ်များသည် ဂျပန်နိုင်ငံ၏ လူ့အဖွဲ့အစည်းကို ပံ့ပိုးထားသည့် အရေးကြီးသော လူသားအရင်းအမြစ်ကို မွေးထုတ်ပေးသည့် ကျောင်းများအဖြစ် အသိအမှတ်ပြုခြင်း ခံရပြီး၊ ပြီးမြောက်အောင်မြင်သူသည် လုပ်ငန်းခွင်၏ သက်မွေးမှုဆိုင်ရာ နည်းပညာကို တတ်မြောက်သောလူသားအရင်းအမြစ်အဖြစ် မျှော်လင့်သည်။ ကမ္ဘာတွင်အာရုံစိုက်ခြင်းခံရသော ကာတွန်းစာအုပ်၊ ကာတွန်းရုပ်ရှင်၊ ဂိမ်း၊ ဖက်ရှင် စသည့် အမိုက်စား ဂျပန်ဟုခေါ်သည့် ပေါ့ပ်ယဉ်ကျေးမှုကို အစပြုပြီး၊ ပတ်ဝန်းကျင် စွမ်းအင် နှင့် IT ၊ ဆေးဝါးကုသမှုနှင့် လူမှုဖူလုံရေးနယ်ပယ်များ၊ အနာဂတ်တွင် ကမ္ဘာ့ဈေးကွက်၌ တိုးတက် ဖြစ်ထွန်းလာမည်ဟု မျှော်လင့်ထားသော စက်မှုလုပ်ငန်းကို ပံ့ပိုးပေးမည့် ကျွမ်းကျင်ပညာရှင် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနေသည်။ ထို့အပြင် စီးပွားရေး ရေစီးကြောင်း နှင့် စပ်လျဉ်းမှုမရှိဘဲ အလုပ်အကိုင်ရရှိမှုနှုန်း မြင့်မားမှုကို ထိန်းထားနိုင်ခြင်းသည်လည်း ထူးခြားလက္ခဏာတစ်ရပ်ဖြစ်သည်။

## လိုအပ်သော ဂျပန်စာအရည်အချင်း

သက်မွေးပညာသင်ဥပစာကောလိပ်များသည်ဂျပန်ဘာသာဖြင့်ပို့ ချခြင်း ကြောင့်ဂျပန်ဘာသာအရည်အချင်းလိုအပ်သည်။
အောက်ဖော်ပြပါတစ်ခုမဟုတ်တစ်ခုနှင့်ပြည့်မီရန်လိုအပ်သည်။

① တရားဥပဒေရေးရာဝန်ကြီးမှထုတ်ပြန်ထားသောဂျပန်စာ သင်ကြားမှုအဖွဲ့ အစည်းတွင်၆လနှင့်အထက်ဂျပန်စာ တက်ရောက်သင်ယူထားသူ

② Japan Educational Exchanges and Services နှင့် Japan Foundation မှကျင်းပပြုလုပ်ပေးနေသော Japanese Language Proficiency Test (JLPT) ၏ N1 သို့ N2 ကိုအောင်မြင်ထားသူ

③ ဂျပန်နိုင်ငံ၏မူလတန်း၊အလယ်တန်း၊အထက်တန်း ကျောင်းများတွင် ၁နှစ်နှင့်အထက်တက်ရောက်ထားသူ

④ ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ(EJU)ဂျပန်စာဘာသာရပ် (စာဖတ်မှုနားလည်နိုင်စွမ်းနှင့်နားထောင်မှုနားလည်နိုင်စွမ်း ၊ စာဖတ်နားထောင်မှုနားလည်နိုင်စွမ်းတွင်စုစုပေါင်း)အမှတ်၂၀၀ နှင့်အထက်ရထားသူ

⑤ Japan Kanji Aptitude Testing Foundation မှကျင်းပပြုလုပ်ပေးလျက်ရှိသောBJTလုပ်ငန်းသုံးဂျပန်ဘာသာ အရည်အချင်းစစ်စာမေးပွဲတွင်အမှတ်၄၀၀နှင့်အထက်ရထားသူ

## ဝင်ခွင့်အရည်အချင်း

အောက်ပါအရည်အချင်းတစ်ခုခုကို ပြည့်မီနေရန် လိုအပ်သည်

① နိုင်ငံခြားတွင် ကျောင်းပညာရေး ၁၂ တန်း အထိ ပြီးမြောက်ထားသူ

② နိုင်ငံခြားတွင် ကျောင်းပညာရေး ၁၂ တန်း အထိ ပြီးမြောက်ခြင်း နှင့် ညီမျှသော ပညာအရည်အချင်းစစ်စာမေးပွဲကို အောင်မြင်ပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ

③ ဂျပန်နိုင်ငံတွင် နိုင်ငံခြားအထက်တန်းကျောင်းနှင့်ညီမျှသည်ဟု သတ်မှတ်ထားသော နိုင်ငံခြားကျောင်းကို ပြီးမြောက်ပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ

④ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာနမှ သတ်မှတ်ထားသော ပညာသင်နှစ်အရေအတွက် ၁၁ နှစ် ပြီးဆုံးသူ

⑤ International Baccalaureate diploma, German Abiture diploma, French Baccalaureate diploma ကို ကိုင်ဆောင်ပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ

⑥ နိုင်ငံတကာ အကဲဖြတ်အဖွဲ့များ (WASC, CIS, ACSI) အသိအမှတ်ပြုထားသည့် ဂျပန်နိုင်ငံရှိ နိုင်ငံခြားကျောင်းမှ ဖွင့်လှစ်ထားသော သင်တန်းကို ၁၂ တန်းအထိ အောင်မြင်ပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ

⑦ အထက်တန်းအဆင့်ရှိသော စာမေးပွဲကို ဖြေဆိုအောင်မြင်ပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ

⑧ ကျောင်းတွင် သီးခြားစစ်ဆေးသော ကျောင်းဝင်ခွင့် အရည်အချင်းစစ်ဆေးမှုအရ အထက်တန်းကျောင်းကို အောင်မြင်ပြီးသူနှင့်ညီမျှသော ပညာအရည်အချင်းရှိသည်ဟု အသိအမှတ်ပြုခြင်း ခံရသူဖြစ်ပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ

⑨ အထက်ပါအရည်အချင်းများအပြင် ကျောင်းပညာရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခြားဝင်ခွင့်အရည်အချင်း တစ်ခုခုကို ပြည့်မီသူ

※ ① မှ ③ အထိ နှင့် ပတ်သက်၍ ပညာသင်နှစ် ၁၂ တန်း အောက်ဖြစ်ပါက အသိအမှတ်ပြုထားသော ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း သို့မဟုတ် လေ့ကျင့်ရေးကျောင်းသင်တန်း စသည်ကို ပြီးမြောက်ထားရန် လိုအပ်သည်

## လျှောက်ထားရန်လိုအပ်သောစာရွက်စာတမ်းများ



- ☐ ကျောင်းဝင်ခွင့်လျှောက်လွှာ(ကျောင်းမှပြဋ္ဌာန်းထားသည့်အရာ)
- ☐ အထက်တန်းကျောင်းအောင်လက်မှတ်
- ☐ နောက်ဆုံးတက်ရောက်သောကျောင်း၏ဘာသာရပ်နှင့်ရမှတ်မှတ်တမ်း
- ☐ ဂျပန်စာသင်ကြားမှုအဖွဲ့ အစည်းတွင်တက်ရောက်မှု၊ဘာသာရပ်နှင့်ရ မှတ်မှတ်တမ်း(ဂျပန်နိုင်ငံတွင်းနေထိုင်နေပါက)
- ☐ ဂျပန်ဘာသာအရည်အချင်းလက်မှတ်(နိုင်ငံခြားတွင်နေထိုင်ပါက)
- ☐ အခြား

ကျောင်းအလိုက်တင်ပြရမည့် စာရွက်စာတမ်းများ ကွဲပြားသောကြောင့်
အသေးစိတ်ကို လျှောက်ထားလိုသောကျောင်းသို့ တိုက်ရိုက်မေးမြန်းစုံစမ်းပါ။

## ကျောင်းဝင်ခွင့် စာမေးပွဲ

စာရွက်စာတမ်းစီစစ်ရွေးချယ်ခြင်း၊ ပညာအရည်အချင်းစစ်ဆေးခြင်း၊ အင်တာဗျူး၊ စာစီစာကုံး၊ ပင်ကိုယ်စွမ်းရည်စစ်ဆေးခြင်း၊ လက်တွေ့ကျွမ်းကျင်မှုစစ်ဆေးခြင်း၊ ဂျပန်စာ စာမေးပွဲ စသည်များမှ အချို့စစ်ဆေးနည်းများကို တွဲဖက်၍ စစ်ဆေးပါသည်။
ဝင်ခွင့်စာမေးပွဲတွင် မည်သည့် အသက်မွေးပညာရပ်မဆို ① ကျောင်းတက်သည့် ရည်ရွယ်ချက်
② ကျောင်းစာလိုက်နိုင်သည့် ဂျပန်ဘာသာအရည်အချင်းနှင့် ပညာအရည်အချင်း ရှိမရှိ
③ ပညာသင်ကြားချင်သော စိတ်ဓာတ်ကို အဓိကထား၍ စစ်ဆေးသည်။

## ဘွဲ့ရကျောင်းပြီးရန်အတွက်

| | ဒီပလိုမာ | အဆင့်မြင့်ဒီပလိုမာ |
|---|---|---|
| သင်တန်းကာလ | 2 နှစ်နှင့်အထက် | 4 နှစ်နှင့်အထက် |
| သင်တန်းနာရီ | 1,700 နာရီနှင့်အထက် | 3,400 နာရီနှင့်အထက် |
| ပြီးမြောက်ကြောင်းအသိ အမှတ်ပြုခြင်း | စာမေးပွဲစသည်ဖြင့် ရမှ တ်ကို အကဲဖြတ်ပြီး သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုသည် | |
| သင်တန်း ဖွဲ့စည်းတည်ဆောက်ပုံ | သင်ရိုးညွှန်းတန်းကိုစနစ်တကျဖွဲ့ စည်းတည်ဆောက်ထားခြင်း | |

အထက်ပါသတ်မှတ်ချက်များကို ပြည့်မီပြီး ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် နည်းပညာဝန်ကြီးက အသိအမှတ်ပြုထားသော ဌာန၏ သင်တန်းကို အောင်မြင်ပါက "ဒီပလိုမာ" နှင့် "အဆင့်မြင့်ဒီပလိုမာ" ဘွဲ့ကို ရရှိနိုင်သည်။ ဒီပလိုမာဘွဲ့ရသူများအား တက္ကသိုလ်ပြောင်းတက်ခွင့်၊ အဆင့်မြင့်ဒီပလိုမာဘွဲ့ရသူများအား ဘွဲ့လွန်တက္ကသိုလ်ဝင်ခွင့်ကို ခွင့်ပြုထားသည့် တက္ကသိုလ်များလည်း ရှိသောကြောင့် မိမိတက်ရောက်လိုသော တက္ကသိုလ်တွင် စုံစမ်းပါ။
အသက်မွေးပညာသင်ကျောင်းတွင် ဖွင့်လှစ်ထားသော ဂျပန်ဘာသာဌာနသည် ဂျပန်စာသင်ကျောင်း အဆင့်သာရှိသည်ဟု သတ်မှတ်ခံရခြင်းများ ရှိပါသည်။
ဒီပလိုမာဘွဲ့ရ မရ သိလိုပါက ကျောင်းသို့စုံစမ်းပါ။

| သက်မွေးပညာသင်ဥပစာကောလိပ် | ရွေးချယ်ရန်အဓိကအချက်များ |
|---|---|

① တရားဝင်အသိအမှတ်ပြုခြင်းခံထားရသောကျောင်း တရားစီရင်ပိုင်ခွင့်ရှိသောစီရင်စုပြည်နယ်အုပ်ချုပ်ရေးမှူး၏ခွင့်ပြုချက်ရကျောင်း ဖြစ်ပါသလား။တရားမဝင်ကျောင်းများမှဒီပလိုမာဘွဲ့ မရနိုင်ပါ။

② သင်ကြားမှုအကြောင်းအရာ၊ဆရာအရေအတွက် သင်ရိုးညွှန်းတမ်းမှာ ? ကျောင်းသားအရေအတွက်နှင့်ဆရာအရေအတွက်၏ အချိုးမှာ ?

③ ပံ့ပိုးမှုအင်္ဂါရပ်၊ ပစ္စည်းကိရိယာ နည်းပညာအစရှိသည်ကိုသင်ယူလေ့လာနိုင်သည့်ပံ့ပိုးမှုအင်္ဂါရပ်များနှင့်ပစ္စည်း ကိရိယာများစုံလင်စွာရှိပါသလား။ဓာတ်ပုံနှင့်စာရွက်စာတမ်းအထောက်အထားများဖြင့်သေချာအောင်စုံစမ်းကြရအောင်။

④ အလုပ်အကိုင်ရရှိရေးလမ်းညွှန်မှုစနစ်၊ကျောင်းပြီးသူအတွက် ရှေ့ဆက်ရမည့်လမ်း အလုပ်အကိုင်ရရှိရေးအတွက်လမ်းညွှန်ချက်မှာ ? ကျောင်းပြီး သူ အတွက်အလုပ်အကိုင်မှာ ?

⑤ ကျောင်းလခ ပထမစာသင်နှစ်တွင် ? ကျောင်းပြီးသည်အထိစုစုပေါင်းကုန်ကျစရိတ်မှာ ? ဘယ်အချိန်တွင်ပေးရမလဲ ?

⑥ ပတ်ဝန်းကျင်ဂုဏ်သတင်း ကျောင်းပြီးသူနှင့်နိုင်ငံတကာကျောင်းသားများ၏ချိတ်ဆက်မှုကွန်ရက်စသည်ကို အသုံးပြုကြရအောင်။





သက်မွေးပညာသင်(ဥပစာ)ကောလိပ်